





# ပရောဖက်တစ်ပါး ကို ဘုရားသခင် ခေါ်တော်မူခြင်း

သင်ခန်းစာ ၂၊ အောက်တိုဘာ ၁၀၊ ၂၀၂၆


“တစ်ဖန် ထာဝရဘုရား
က၊ ငါသည်အဘယ် သူကို
စေလွှတ်ရမည် နည်း။
ငါတို့အဖို့ အ
ဘယ်သူသွားမည်နည်းဟု
မေးတော်မူသံကို
ငါကြားလျှင်၊ ငါက၊ အ
ကျွန်ုပ်ရှိပါ၏။ အ
ကျွန်ုပ်ကို စေလွှတ်
တော်မူပါဟု လျှောက်
လေ၏”
(ဟေရှာယ ၆း၈)

ဓမ္မဟောင်းကျမ်း၏ ပထမဆုံးသော ပရောဖက်ဖြစ်သူ အာဗြဟံ နှင့် ဓမ္မသစ်ကျမ်း၏ ပထမဆုံးသော ပရောဖက်ဖြစ်သူ ဗတ္တိဇံဆရာယောဟန်တို့အကြားတွင် နှစ်ပေါင်း ၁၉၀၀ ခန့် ကွာခြားသည်။

"ပထမပရောဖက်က ပဋိညာဉ်ကို ကြေညာခဲ့ပြီး၊ ဒုတိယပရောဖက်က ထိုပဋိညာဉ်ကို ပြည့်စုံစေမည့် ယေရှုကြွလာမည်ကို ကြေညာခဲ့သည်။"

ထိုအချိန်ကာလအတွင်း ပရောဖက်များစွာကို ဘုရားသခင်က လူတို့နှင့် မိမိအကြား ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ရန်နှင့် မေရှိယကြွလာမည့် မျှော်လင့်ချက်ကို ထိန်းသိမ်းပေးရန် ခေါ်တော်မူခဲ့သည်။ အချို့ပရောဖက်များက မေရှိယကြွလာမည့်အချိန်ကိုပင် တိတိကျကျ ကြိုတင်ဟောကြားခဲ့ကြသည်။



ပရောဖက်များကို မည်သို့ ခေါ်ယူခဲ့သနည်း။ သူတို့က ထိုခေါ်ယူခြင်းကို မည်သို့ တုံ့ပြန်ခဲ့ကြသနည်း။




- အာဗြဟံ - ပဋိညာဉ်၏ပရောဖက်
- ဧလိယ - ပြန်လည်ထူထောင်ခြင်း၏ပရောဖက်
- ဟေရှာယ - မေရှိယပရောဖက်
- ဒံယေလ - အနာဂတ္တိပရောဖက်
- နှစ်ခြင်းဆရာယောဟန် - ရှေ့ပြေးပရောဖက်

# အာဗြဟံ-ပဋိညာဉ်၏ပရောဖက်

"ထာဝရဘုရားသည်လည်း အာဗြံကိုခေါ်တော်မူ၍၊ သင်၏ပြည်နှင့်တကွ အမျိုးသားချင်းပေါက်ဖော်များထဲက ထွက်ပြီးလျှင်၊ ငါပြလတ္တံ့သောပြည်သို့ သွားလော့" (ကမ္ဘာဦး ၁၂း၁)



အာဗြဟံသည် ပရောဖက်ဟု ပထမဆုံးခေါ်ဝေါ်ခံရသူဖြစ်သည် (ကမ္ဘာ ၁၂း၁)။ ဘုရားသခင်သည် သူ့ကိုတိုက်ရိုက်ခေါ်ခဲ့သည်။ သူ့ပတ်ဝန်းကျင်တွင် ပျံ့နှံ့နေသော ရုပ်တုကိုးကွယ်မှုနှင့် အကျင့်ပျက် မှုများကို စွန့်ပယ်ပြီး မိမိမသိသေးသောအရပ်သို့ထွက်ခွာရန် မိန့်မှာတော်မူခဲ့သည် (ကမ္ဘာ ၁၂း၁၂)။

ဘုရားသခင်၏ခေါ်တော်မူခြင်းနှင့်အတူ ကတိတော်များလည်း ပါလာခဲ့သည်။ အာဗြဟံသည် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကို ခံရမည်၊ မြင့်မြတ်ချီးမြှောက်ခြင်းခံရမည်။ ထို့အပြင် သူ့အားဖြင့် "မြေကြီးပေါ်ရှိ အဆွေအမျိုးအပေါင်းတို့" သည် ကောင်းကြီးမင်္ဂလာ ရရှိကြမည်ဟု ကတိပြုခဲ့သည် (ကမ္ဘာဦး ၁၂:၂-၃)။





သူသည် ထိုခေါ်တော်မူခြင်းကို မည်သို့တုံ့ပြန်ခဲ့သနည်း။ အာဗြဟံသည် မည်သည့် အရပ်သို့ သွားရမည်ကို မသိသော်လည်း၊ ဘုရားသခင်ကို ယုံကြည်၍ နာခံပြီး ထွက်ခွာခဲ့သည် (ကမ္ဘာ ၁၁း၈)

အာဗြဟံ၏ ပရောဖက်ပြုခြင်းသည် ဘေးအန္တရာယ်ကို ကြိုတင်သတိပေးခြင်းထက် စစ်မှန်သောဘုရားသခင်ကို ဖော်ပြခြင်းနှင့် မေရှိယအားဖြင့်ကယ်တင်ခြင်းကတိတော်ကို ကြေညာခြင်း ဖြစ်သည်"

# အာဗြဟံ-ပဋိညာဉ်၏ပရောဖက်

“ထာဝရဘုရားသည်လည်း အာဗြံကိုခေါ်တော်မူ၍၊ သင်၏ပြည်နှင့်တကွ အမျိုးသားချင်းပေါက်ဖော်များထဲက ထွက်ပြီးလျှင်၊ ငါပြလတ္တံ့သောပြည်သို့ သွားလော့” (ကမ္ဘာဦး ၁၂:၁)

ခါနန်ပြည်တွင် နေထိုင်စဉ်အတွင်း အာဗြဟံ (မူလအမည်မှာ အာဗြံ) သည် ဘုရားသခင်နှင့် အကြိမ်ကြိမ်တွေ့ဆုံခဲ့ပြီး၊ ထိုတွေ့ဆုံမှုများမှတစ်ဆင့် ဘုရားသခင်ထံမှ အမျိုးမျိုးသော သတင်းစကားများကို လက်ခံရရှိခဲ့သည်။



ရှေခင်မြို့တွင် သူ၏သားစဉ်မြေးဆက်တို့သည် ခါနန်ပြည်ကို အမွေခံရမည်ဟု ဘုရားသခင်က ကတိပေးခဲ့သည် (ကမ္ဘာ ၁၂:၆-၇)



ဗေသလအရပ်၌ အာဗြဟံနှင့်ပြုထားသော ပဋိညာဉ်ကို ထပ်မံပြုခဲ့သည်။ သူ၏အမျိုးအနွယ်တို့သည် ‘မြေမှုန့်ကဲ့သို့’ များပြားလိမ့်မည်ဟု မိန့်တော်မူခဲ့သည် (ကမ္ဘာ ၁၃:၁၄-၁၈)



မံရေအရပ်၌ သင်၏အမျိုးအနွယ်သည်ကောင်းကင်ကြယ်များကဲ့သို့များပြားမည်ဟု အာမခံခဲ့သည်။ အာဗြံသည် ဘုရားကိုယုံကြည်၍ ထိုယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းအဖြစ် မှတ်တော်မူ၏ (ကမ္ဘာ ၁၅:၁-၆)



ထိုအချိန်၌ ဘုရားသခင်သည် အာဗြံနှင့် ပဋိညာဉ်ပြုတော်မူ၏။ ယဇ်ကောင်ကိုခွဲထားသော အပိုင်း၏အလယ်မှ ဖြတ်သွားခဲ့သည် (ကမ္ဘာ ၁၅:၇-၂၁)



ဘုရားသခင်က သူနှင့်စာရာ၏အမည်ကို ပြောင်းလဲပေးခဲ့သည်။ သူ၏အမျိုးအနွယ်သည် စာရာမွေးဖွားသောသားဖြစ်မည်ဟု အတည်ပြုခဲ့သည် (ကမ္ဘာ ၁၇:၁-၈၊ ၁၅-၁၆)



ကောင်းကင်တမန်နှစ်ပါးနှင့်အတူ ဘုရားသခင်ကိုယ်တိုင် အာဗြဟံထံပေါ်လာ၍ ဣဇာက်မွေးဖွားမည့်အကြောင်းကို ကြေညာခဲ့သည် (ကမ္ဘာ ၁၈:၁-၂၊ ၁၀)။



ဘုရားသခင်သည် အာဗြဟံအား သားဣဇာက်နှင့် ယဇ်ပူဇော်ရန်တောင်းဆိုထားသည်။ သို့သော် အစားထိုးယဇ်ကို ပေးတော်မူခြင်းအားဖြင့် ကြီးမြတ်သောကယ်တင်ခြင်းစီမံကိန်းကို ဖော်ပြခဲ့သည် (ကမ္ဘာ ၂၂:၁-၃၊ ၉-၁၃)။

# ဧလိယ - ပြန်လည်ထူထောင်ခြင်း၏ပရောဖက်

"ကျိုးသောကျူလုံး တောင်ဝှေးတည်းဟူသော အဲဂုတ္တုပြည်ကို ကိုးစားပါသည်တကား။ ထိုကျူလုံးသည် မှီသောသူ၏လက်ကို ဖောက်၍ လျှိုသွားလိမ့်မည်။ ထိုသို့ အဲဂုတ္တုမင်းကြီး ဖာရောဘုရင်သည် မိမိ၌မှီသော သူအပေါင်းတို့ကိုပြုလိမ့်မည်" (၄ ဓမ္မရာဇဝင် ၁၈း၂၁)







အာဟပ်နှင့်ယေဇဗေလတို့သည် ဣသရေလလူမျိုးကို ယုံကြည်ခြင်း ဖောက်ပြန်စေကြ၏။ လူအနည်းစုကသာ ဘုရားကို ကိုးကွယ်ကြသည်။ အများစုတို့သည် ဗာလ၊ အာရှေရနှင့်အခြားသောဘုရားကို ကိုးကွယ်ကြ၏။ ဣသရေလလူတို့ကို ပြန်လည်ထူထောင်ဖို့ရန် ဘုရားသခင်က ပရောဖက်ဧလိယကို ခေါ်တော်မူ၏ (၁ ဓမ္မရာဇဝင် ၁၇း၁)

နှစ်ပေါင်းများစွာ မိုးခေါင်ရေရှားခဲ့သည့်နောက် ဧလိယက ဣသရေလလူတို့ကို ဘုရားသခင်ထံသို့ ပြန်လှည့်ကြပါဟု တိုက်တွန်း၍ ကရမေလတောင်သို့ ခေါ်ခဲ့သည်။ သို့သော် တုံ့ပြန်ခြင်းမပြုကြပါ (၁ ရာ ၁၈း၂၁)။ ထို့ကြောင့် စစ်မှန်သောဘုရားကို သိရှိနိုင်ရန် အံ့ဖွယ်နိမိတ်လက္ခဏာ တစ်ခုလိုအပ်ခဲ့သည် (၁ ရာ ၁၈း၃၀-၃၉)။

ပရောဖက်၏သတင်းစကား၊ ရုပ်တုကိုးကွယ်ခြင်းကိုစွန့်၍ ဘုရားသခင်ထံသို့ပြန်လှည့်ရန် သတိပေးခြင်းသည် ခရစ်တော်မကြွလာမီတွင် တန်ခိုးနှင့်ထပ်မံဟောကြားရမည်။ မိသားစုယဇ်ပလ္လင်တည်ဆောက်ခြင်းက အဓိကရည်ရွယ်ချက်ဖြစ်သည် (မာလခိ ၄း၅-၆) မိသားစုဝတ်ပြုကိုးကွယ်ခြင်းအားဖြင့် အသင်းတော်၊ လူမှုအသိုင်းအဝိုင်း နှင့် နိုင်ငံများ ပြန်လည်နိုးကြားလာမည်။ ဤအမှုတော်ကို မည်သူက လုပ်ဆောင်မည်နည်း။ ယနေ့လူ့အဖွဲ့အစည်းအတွက် လိုအပ်နေသော ဧလိယသည် သင်နှင့်ကျွန်ုပ်ပင်ဖြစ်ပါသည်။



# ဟေရှာယ - မေရှိယပရောဖက်

**“ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးအသီး လိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရား သည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်၌တင်တော်မူ၏” (ဟေရှာယ ၅၃း၆)**





ဟေရှာယသည် လူတို့အား အပြစ်ကို သတိရ၍ ဝန်ခံလျက် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို လက်ခံရန် တိုက်တွန်းဖို့ အခေါ်ခံခဲ့သည် (ဟေရှာ ၁း၁၈)

သြဇိမင်းအနိစ္စရောက်သည့်အခါ ဟေရှာယသည် အံ့ဖွယ်ရူပါရုံကို ရခဲ့သည်။ ဘုရားသခင် သည် ဗိမာန်တော်တွင် ရှိတော်မူသည်။ တံခါးတိုင်များ တုန်လှုပ်နေချိန်တွင် မိမိ၏မထိုက် တန်မှုကို သိမြင်၍ ပရောဖက်ဟေရှာယ၏နှလုံးလည်း တုန်လှုပ်ခဲ့သည် (ဟေရှာယ ၆း၁-၅)

အပြစ်လွှတ်ခြင်းခံပြီးနောက် ပရောဖက်ဟေရှာယသည်ရဲဝံ့စွာဟောပြောနိုင်ခဲ့သည်။ အ ကျွန်ုပ်ရှိပါ၏။ စေလွှတ်တော်မူပါဟု ပြန်လည်ဖြေကြားနိုင်ခဲ့ပါသည်။ (ဟေရှာယ ၆း၆-၈)

သူ၏အမှုတော်ကာလ ရှည်လျားလှပါသည်။ နောင်တတရားဟောပြောရုံမက အထူးသခြင့် မေရှိယဖြစ်တော်မူသော ခရစ်တော်၏အမှုတော်လုပ်ငန်းကို ဟောကြားခဲ့ပါသည်။





“ဧဝံဂေလိတရားမပေါ်မီက တည်းက ခရစ်တော်နှင့် ကယ်တင်ခြင်းအကြောင်းကို ကြိုတင်ဟောပြထားသော “ကျမ်း”ဟုလည်း ပြောနိုင်ပါ သည်။



# ဟေရှာယ - မေရှိယပရောဖက်



“ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးအသီး လိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရား
သည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်၌တင်တော်မူ၏” (ဟေရှာယ ၅၃း၆)

ဟေရှာယအခန်းကြီး ၅၃ တွင် ခရစ်တော်အကြောင်းအထည်ဖော်ခဲ့သော
ကယ်တင်ခြင်းစီမံကိန်းကို အသီးစိတ်ဖော်ပြထားသည်။



သူရုပ်ပိုင်းဆိုင်ရာ မဆွဲဆောင်ဘဲ ဝိညာဉ်ရေးကို ဆွဲဆောင်သည် (ငယ် ၂)



မထီမဲ့မြင်ပြုခြင်း၊ နာကျင်ကျိုးပဲ့ခြင်း၊ ငြင်းပယ်ခြင်း ခံခဲ့သည် (ငယ် ၃)



အနာငြိမ်းစေခဲ့ပေမဲ့ ကိုယ်တော်ကို လက်မခံကြ (ငယ် ၄)



ကားတိုင်ပေါ်တွင် အသေခံ၍ ကျွန်ုပ်တို့ကို ကယ်တင်ခဲ့သည် (ငယ် ၅)



ကျွန်ုပ်တို့၏အပြစ်ကို သူ့အပေါ်မှာ တင်ခဲ့သည် (ငယ် ၆)



သူ့ကိုစွပ်စွဲသူများရှေ့၌ မိမိကိုမကာကွယ်ခဲ့ပါ (ငယ် ၇)



သူ့ကိုတရားစီရင်၍ သေဒဏ်ချမှတ်ခံခဲ့သည် (ငယ် ၈)



သူ့ကို လူဆိုးတို့နှင့်အတူ မြှုပ်နှံခဲ့ကြသည် (ငယ် ၉က)



သူပြစ်မှားခြင်းမပြုခဲ့ပါ (ငယ် ၉ခ)



အပြစ်ဖြေသော သေခြင်းခံပြီးမှ ပြန်လည်ထမြောက်ခဲ့သည် (ငယ် ၁၀)



ကယ်တင်ခြင်းခံသောသူများသည် တစ်နေ့သူနှင့်အတူနေရမည် (ငယ် ၁၁)



တစ်ချိန်တည်းတွင် ကျွန်ုပ်တို့အတွက် ကြားဖျန်ဖြေပေးနေသည် (ငယ် ၁၂)

# ဒံယေလ - အနာဂတ္တိပရောဖက်

**“နက်နဲသော အရာတို့ကို ဖွင့်ပြ၍၊ နောင်ကာလ၌ ဖြစ်လတ္တံ့သော အရာတို့ကို နေဗုခဒ်နေဇာမင်းကြီးအား ကြားပြော တော်မူသော ဘုရားသခင်တစ်ဆူသည် ကောင်းကင်ဘုံမှာ ရှိတော်မူ၏” (ဒံယေလ ၂း၂၈)**



ဒံယေလသည် အစကတည်းက သစ္စာရှိသူဖြစ်သည်။ အစားအသောက်မှာ သစ္စာရှိခဲ့သည် (ဒံ ၁း၈)။ ဘုရားသခင် ဘုန်းထင်ရှားစေရာ၌ သစ္စာရှိခဲ့သည် (ဒံ ၂း၂၇-၃၀)။ နေဗုခဒ်နေဇာ မင်း ကို သတိပေးရာ၌ သစ္စာရှိခဲ့သည် (ဒံ ၄း၁၉)။ ဗေလရှာဇာမင်း၏အပြစ်ကို ရဲဝံ့စွာ ဖော်ပြခဲ့သည် (ဒံ ၅း၂၂-၂၃)။ ဆုတောင်းခြင်း၌ သစ္စာရှိခဲ့သည် (ဒံ ၆း၁၀)






သူ့အသက်တာနှင့်သက်သေခံသည့်အပြင်၊ ကမ္ဘာ့အင်ပါယာကြီးများ၏ အတက်အကျကိုလည်း ဟောကြားရန် ဘုရားသခင်အသုံးပြုခဲ့သည်။ ထိုအင်ပါယာများမှာ ဗာဗုလုန်၊ ပါရှား၊ ဂရိ၊ ရောမနှင့်ဥရောပအင်အားကြီးနိုင်ငံများ ဖြစ်ပါသည် (ဒံ၊ ၂၊ ၇–၁၂)။

အင်ပါယာပေါ်ပေါက်ခြင်းနှင့်ကျဆုံးခြင်းကို ပရောဖက်ပြုခြင်းနှင့်အတူ၊ သူသည် တရားစီရင်ခြင်း (ဒံ ၇း၉-၁၀) နှင့် ခရစ်တော်ကြွလာမည့်အချိန်ကို တိကျစွာကြိုတင်ဟောကြားခဲ့သည် (ဒံ ၉း၁၄-၂၇)







ဒံယေလ၏ပရောဖက်ပြုချက်များသည် ယနေ့ကျွန်ုပ်တို့အတွက် အရေးကြီးသည်။ မပြည့်စုံသေးသော ဘုရားသခင်၏ နိုင်ငံတော်တည်မည့်အချိန်ကို ဆက်လက်ဟောကြားရန် ကူညီပေးသည် (ဒံ ၂း၄၄၊ ၇း ၂၇)

# နှစ်ခြင်းဆရာယောဟန် - ရှေ့ပြေးပရောဖက်

“ယောဟန်ကလည်း၊ ငါသည်ပရောဖက်ဟေရှာယ ဟောပြောသည်နှင့်အညီ၊ ထာဝရဘုရား၏ လမ်းခရီးတော်ကို ဖြောင့်စေကြလော့ဟု တော၌ ဟစ်ကြော်သောသူ၏အသံဖြစ်သည်ဟု ဆို၏” (ယောဟန် ၁း၂၃)



ရှာမွေလနှင့်ယေရမိတို့ကဲ့သို့ ယောဟန်ကို မမွေးခင် ဘုရားသခင်သည် သီးသန့်ရွေးထားခဲ့သည်။ မေရှိယ၏ ရှေ့ပြေးအဖြစ် ယောဟန်ကို ဧလိယ၏အမှုတော်ကို ဆောင်ရွက်မည့်သူအဖြစ် ခေါ်ခဲ့သည် (လု ၁း၁၃-၁၇)။



ယောဟန်သည် ရိုးရှင်းတင်းကြပ်သည့် ဘဝနှင့် အပြစ်ကိုရဲဝံ့စွာဖော်ပြလျက် နောင်တရဖို့ ခေါ်တော်မူသောကြောင့် လူအများ နှစ်ခြင်းခံခဲ့ကြသည် (မာကု ၁း၄-၆)။ သူ၏အမှုတော်ကြောင့် ဣသရေလလူမျိုးအတွက် ပြောင်းလဲမှုကြီး ဖြစ်ပေါ်ခဲ့သည်။ ဤအမှုတော်ကို တားဆီးရန် စာတန်သည် သူ့ကိုသေကြောင်း ရှာခဲ့သည် (လု ၉း၉)



ယောဟန်နှင့်ဧလိယတို့၏ အမှုတော်သည် ယနေ့ကျွန်ုပ်တို့၏အမှုတော်လည်းဖြစ်သည်။ ယေရှု ကြွလာရန်အတွက် နောင်တတရားနှင့်အပြစ်ဖြေခြင်းကိုပေးသော ခရစ်တော်၏အသေခံခြင်း သတင်းကောင်းကို လူတိုင်းကြားအောင်ဟောကြားရန် ကျွန်ုပ်တို့ကိုခေါ်ထားသည်

ဤအမှုတော်သည် ပန်းခင်းသောလမ်းတော့မဟုတ်ပါ။ သစ္စာရှိမှု၊ ခိုင်မာသောယုံကြည်ခြင်း၊ ဆက်ကပ်အပ်နှံမှုလိုအပ်သည်။ လုံခြုံမှုအာမခံချက်မရှိပါ။ သို့သော် ထာဝရအသက်ကို ရမည်။ သတင်းစကားကို လက်ခံယုံကြည်သူတိုင်းအတွက်ဖြစ်သည်။

ရှေးပရောဖက်များအားဖြင့် ပေးအပ်ခဲ့သော အကြံဉာဏ်နှင့် သတိပေးချက်များသည် ယနေ့ဘုရားသခင်၏လူများအတွက် အလွန်တန်ဖိုးရှိလှပါသည်။ ထိုသွန်သင်ချက်များအားဖြင့် ဘုရားသခင်သည် လူသားတို့အပေါ် မည်မျှချစ်မြတ်နိုးတော်မူသည်ကို ထင်ရှားစွာဖော်ပြထားသည်။ သူတို့ကို ကယ်တင်ရန် သူ၏အစီအစဉ်ကိုလည်း ရှင်းလင်းစွာ ဖော်ပြတော်မူပါသည်။

ယနေ့တွင်လည်း ဘုရားသခင်သည် မိမိ၏အသင်းတော်ကို မေတ္တာဖြင့် စောင့်ရှောက်နေကြသော မိမိ၏အမှုတော်ဆောင်များထံသို့ တူညီသောမျှော်လင့်အား ပေးစရာသတင်းစကားကို ပေးတော်မူနေပါသည်။ "ထိုကာလ၌ စပျစ်ဥယျာဉ်ကို အကြောင်းပြု၍၊ ဤသို့ သီချင်းဆိုကြလော့။ ငါထာဝရဘုရားသည် ဥယျာဉ်စောင့်ဖြစ်၏။ မခြားမလပ် ရေလောင်းမည်။ အဘယ်သူမျှ မဖျက်စေခြင်းငှာ၊ နေ့ညမပြတ် စောင့်ရှောက်မည်" (ဟေရှာယ ၂၇း၂-၃)

EGW (Prophets and Kings, p. 22)

# နောက်ဆက်တွဲ-ပရောဖက်ပြုအမှုတော်အတွက် Ellen ကို ခေါ်တော်မူခြင်း

**Ellen Gould Harmon** သည် အသက် ၁၇ နှစ်အရွယ်၊ ၁၈၄၄ ခုနှစ် ဒီဇင်ဘာလတွင် ပထမဆုံး ရူပါရုံကို ရရှိခဲ့သည်။

**William Miller** က ဒံယေလ ၈း၁၄ ၏ အနာဂတ္တိစကားကို ခရစ်တော်သည် ၁၈၄၃ ခုနှစ်တွင် ကြွလာမည်ဟု အနက်ဖွင့်ခဲ့သည်။ ထို နောက် ၁၈၄၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ဟု သတ်မှတ်ခဲ့သည်။ သို့သော် ထိုအချိန်တွင် ခရစ်တော်မကြွလာခဲ့ပါ။

ထိုအချိန်တွင် Ellen သည် ကမ္ဘာမြေမှ ကောင်းကင်ယေရုရှလင်မြို့တော်သို့ ဦးတည်သွားသောလမ်းကို မြင်တွေ့ခဲ့သည်။ ဘုရားသခင်၏လူများသည် ယေရှု၏လမ်းညွှန်မှုအောက်တွင် ထိုသန့်ရှင်းသောမြို့တော်သို့ ခရီးဆက်နေကြသည်။ သူတို့၏မျက်စိသည် ယေရှုကို စိုက်ကြည့်ထားသရွေ့ လမ်းပေါ်၌ ဆက်လက်လျှောက်နိုင်ကြသည်။ သို့သော် ယေရှုထံမှ မျက်စိလွှဲလိုက်သည့်အခါ၌ လမ်းပေါ်မှ ပြုတ်ကျသွားကြသည်။

ဤရူပါရုံအားဖြင့် ဘုရားသခင်သည် ယုံကြည်သူများအား သူတို့သည် လမ်းမှန်ပေါ်တွင် လျှောက်လှမ်းနေကြကြောင်းအတည်ပြုခဲ့သည်။ အစပိုင်းတွင် Ellen ၏ စကားကို ယုံကြည်သူအနည်းငယ်သာရှိခဲ့သော်လည်း နောက်ဆုံးတွင် သူမအား ပရောဖက်တစ်ဦးအဖြစ် လက်ခံအသိအမှတ်ပြုလာကြသည်။ သူမ၏ သတင်းစကားများသည် အစောပိုင်း ကာလမှစ၍ မြော်လင့်ခြင်း ယုံကြည်သူများကို အားပေးလမ်းညွှန်ပေးခဲ့ပြီး ယနေ့တိုင်ဆက်လက်လမ်းညွှန်ပေးလျက်ရှိသည။



